ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

သာပေါင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း၊သာပေါင်းမြို့နယ်




# ၂၀၁၇ ခုနှစ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# *Village Development Plan (VDP)*

# ဒည်ကုန်းကျေးရွာအုပ်စု

ဂျုံးဂျုံးဂျကျေးရွာ　　　　　　　　　　　　　　　　သာပေါင်းမြို့နယ်

# သာပေါင်းမြို့နယ်ကျေးရွာအုပ်စုအခြေပြမြေပုံ



## ဧရာဝတီတိုင်းဒေသကြီး၊သာပေါင်းမြို့နယ်၊ဒည်ကုန်းကျေးရွာအုပ်စု၊အခြေပြပုံ



**ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း**

(၁) သစ်စိမ့်ကုန်း

(၂) ဝွေးတောက်ကွင်း

(၃) ပနီကွင်း

(၄) ဒယ်ကုန်း

(၅) ကုန်းတန်းကြီး

(၆) ဂျုံးဂျုံးဂျ

## ကျေးရွာအတွင်းရှိအိမ်ထောင်စုနှင့်လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၉၇ | ၁၉၁ | ၁၉၇ | ၃၈၈ |

## လူနည်းစု၊လူမျိုးစု၊အိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |

## လူနည်းစု၊လူမျိုးစု၊အိမ်ထောင်စု

| ထိခိုက်လွယ် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၁၅ | ၉ | ၆ | ၁၅ |
| အမျိုးသမီးဦးဆောင် | ၁၃ | | ၁၃ | ၁၃ |
| မသန်စွမ်း | ၁ | ၁ | | ၁ |
| မြေယာမဲ့ | | | | |

## ကျေးရွာအတွင်းရှိအခြေခံအဆောက်အအုံများ

| စဉ် | အဆောက်အဦ | မှတ်ချက် |
|---|---|---|
| ၁ | ဘုန်းကြီးကျောင်း | |
| ၂ | မူလတန်းကျောင်း | |
| | | |

## အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| လယ် | ကြက်/ဘဲ | စျေးရောင်း | |
| | | | |
| | | | |

## ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်းရေကန် | စက်ရေကန် |
|---|---|---|---|---|---|---|
| အရေအတွက် | - | - | - | - | ၁၄ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ချွေလှေ့စက် | ပဲခွဲစက် | စျေးဆိုင် |
| အရေအတွက် | - | - | - | ၆ | - | ၅ |

## ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၉ | ၁၉ | ၂၁ | - | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | - | ၁၂ | ၃ | ၄၀ | ၁ |

## အခြားကျေးရွာရှိအသုံးပြုနိုင်သောအရင်းအမြစ်နှင့်အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အလက/အထက | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| မြစ်/ လယ် | - | - | - | ၃ | ၄၀ | - | - |

# သာပေါင်းမြို့နယ်၊ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာ

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်း | ၁.၂၀.၁၇ | ၄ | ၅ | ၉ | ကျေးရွာတွင်ဖြစ်ပျက်ခဲ့သော ထူးခြားဖြစ်စဉ်များနှင့် ဖြတ်သန်းလာခဲ့ပုံများ။ |
| ၂ | ကျေးရွာလူမှုရေးပြမြေပုံ | ၁.၂၁.၁၇ | ၁၀ | ၁၀ | ၂၀ | ကျေးရွာရှိ အိမ်အမျိုးအစားများလမ်းများ၊ ပညာရေး၊ ကျန်မာရေး လက်လှမ်းမီမှု၊ မှဆိုးမများ၊ဒုက္ခိတများ။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် | ၁.၂၁.၁၇ | ၉ | ၁၁ | ၂၀ | စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရာတွင်<br>ကျေးရွာလူထုပူးပေါင်းပါဝင်နိုင်ရေး အချိန်ပေးနိုင်သော ကာလအား ဖော်ထုတ်ခြင်းနှင့် ကျေးရွာလူထု ဝမ်းစာဖူလုံမှု ငွေရရှိမှုများ။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ | ၁.၂၁.၁၇ | ၁၀ | ၈ | ၁၈ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့် ပြင်ပရှိ အဖွဲ့အစည်းများ မည်သို့ချိတ်ဆက်ပုံကို ဖော်ထုတ် ခြင်း။ |
| ၅ | ပင့်ကူအိမ်ပြမြေပုံ | ၁.၂၁.၁၇ | ၅ | ၅ | ၁၀ | အမျိုးသမီးများနှင့် အမျိုးသားများ၏ လက်ရှိရနေသော အခွင့်အလမ်းများ နှိုင်းယှဉ်ဖော်ထုတ်ခြင်း |
| ၆ | ဥစ္စာဓနပြမြေပုံ | ၁.၂၁.၁၇ | ၄ | ၅ | ၉ | လူမှုစီးပွားအပေါ်အဆင့်သတ်မှတ်ရန်မိမိ ကျေးရွာအလိုက် ပိုင်ဆိုင်မှုများခွဲခြမ်းစိတ်ဖြာခြင်း။ |
| ၇ | အရင်းအမြစ်ပြမြေပုံ | ၁.၂၁.၁၇ | ၅ | ၆ | ၁၀ | ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်း၊ မြေယာပိုင်ဆိုင်မှုသဘာဝ ယံဇာတလက်လှမ်းမီမှုများ |
| ၈ | ပြဿနာသစ်ပင် | ၁.၂၁.၁၇ | ၆ | ၄ | ၁၀ | မိမိကျေးရွာတွင် လက်ရှိကြုံတွေ့ နေရသော အခက်အခဲများဖြစ်ပေါ် စေသောအကြောင်းအရာများနှင့် အကျိုးသက်ရောက်မှု ဖော်ထုတ်ခြင်း။ |

## ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂုံးဂျကျေးရွာ

## သမိုင်းကြောင်း

၁၉၇၉ ခုနှစ်တွင် ဒည်ကုန်းရေကာတာ ပြုလုပ်ခြင်းကြောင့် ထိုနှစ်ရွာလယ်လမ်းဖို့စရာမလိုပါ။ ရွာနောက်လမ်းတာကြောင့် ရေမြုပ်သော်လည်းရေစီးမှုမရှိပဲ စိုက်ပျိုးမှုမှာ စပါး အပြင် ဆောင်းသီးနှံပါ ရသည်။


၁၉၉၇ ခုနှစ် ရေကြီးမှု ဖြစ်သောကြောင့် ဒည်ကုန်းတာကျိုးပါသည်။ကျိုးပေါက်ရသည့်အကြောင်းအရင်းမှာ ကျွံ တုံး တာဖို့ခြင်းကြောင့်ဖြစ်ပါသည်။ထိုနှစ်တွင် ဘေးနားရွာများသည် လယ်မြေများသဲဖုံးသောကြောင့် ပျက်စီးပြီး စီးပွားရေးယိမ်းယိုင်သည်။ဂျုံးဂုံးဂျ ရွာအနေဖြင့် ထိခိုက်မှုနည်းပါးပါသည်။

၁၉၉၈ မှ ၂၀၁၄ ခုနှစ်ထိ နှစ်တိုင်းရေကြီးပြီး ရွာလယ်လမ်းမှာ ရေလျှံမှုမရှိ ထိခိုက်ဆုံးရှုံးမှုမရှိပါ။

၂၀၁၅ ခုနှစ်တွင်ရေအရမ်းနစ်မြုပ်သောကြောင့် နိမ့်သော (၁၅) အိမ်သည် ရေနစ်မြုပ်ကာရေစီးကြောင်းတည်ရာ(၁)အိမ်ပါသွားသည်။သို့သော် ရွာလယ်လမ်းမှာ အနိမ့်ဆုံးနေရာတွင်(၁)ပေသာရှိပြီးရေစီးမှုဒဏ်ကာကွယ်ရန်ဖက်တန်းများရိုက်ခြင်းပြုလုပ်ကာကျိုး ပေါက်သောနေရာမှာ ရေစီးရေစားကာအိမ်ရေထဲပါသွားသည်။

## သာပေါင်းမြို့နယ် ၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂုံးဂျကျေးရွာ

## ကျေးရွာအခြေပြမြေပုံ



### သုံးသပ်ချက်

**၁။သောက်သုံးရေရရှိမှု**

သောက်သုံးရေရရှိမှုအနေဖြင့်ရေတွင်း(၁၄)တွင်းရှိပါသည်။ရေအရင်းအမြစ်ကောင်းပါသည်။

**၂။လမ်းပန်းဆက်သွယ်မှု**

ရွာတွင်းလမ်သည်မြေသားလမ်းဖြစ်၍မိုးရာသီတွင်ဗွက်ထခြင်း၊နိမ့်သောနေရာများတွင်ရေပြ မပ်ခြင်းဖြစ်တတ်ပါသည်။ရွာချင်းဆက်လမ်းအနေဖြင့်တာလမ်းရှိပြီးကွန်ကရစ်ခင်းထား၍လမ်းပန်း ဆက်သွယ်မှုကောင်းမွန်းပါသည်။

**၃။ပညာရေး**

ပညာရေးအနေဖြင့်ရွာမှာမူလတန်းကျောင်းရှိပါသည်။အလယ်တန်းနှင့်အထက်တန်းကိုသာပေါင်းမြို့နယ်တွင်တက်ရောက်ပါသည်။ပညာရေးအသင့်အတင့်ကောင်းမွန်ပါသည်။

**၄။ကျန်းမာရေး**

ရွာတွင်မရှိပါ။နီးစပ်ရာရွာများသို့သွားရောက်ဆောင်ရွက်ပါသည်။

**၅။အထွေထွေသုံးသပ်ချက်**

လယ်ယာလုပ်ငန်းကြောင့်နွမ်းပါးသူများလည်းအလုပ်ပေးနိုင်ပါသည်။အရင်းအမြစ်များကိုအားလုံးသုံးစွဲကြပါသည်။ငွေကြေးပြည့်စုံသူများမှအရင်းအမြစ်များကိုပြုပြင်ထိန်းသိမ်းခြင်းများရှိပါသည်။

## သာပေါင်းမြို့နယ် ၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂုံးဂျကျေးရွာ

## ရာသီခွင်ပြဇယား



### သုံးသပ်ချက်

ရွာသီခွင်ပြဇယားကို ဂျုံးဂျုံးဂျကျေးရွာဘုန်းကြီးကျောင်းတွင် (၂၁.၁.၂၀၁၇)ရက်နေ့တွင် ရေးဆွဲဆွေးနွေးရာတန်ခူး၊ကခုန်၊တန်ဆောင်မုန်း၊ နတ်တော်ပြာသို၊တပို့တွဲ၊တပေါင်းလများ ခြောက်သွေ့ရာသီဖြစ်ပြီးနယုန်၊ဝါဆို၊ဝါခေါင်၊တော်သလင်း၊သီတင်းကျွတ်လများသည်မိုးရွာသွန်းသောလများဖြစ်ပါသည်။

အလုပ်အကိုင်အနေဖြင့်ရာသီတိုင်းတွင်ရေလုပ်ငန်း၊စက်ချုပ်ခြင်းစသည့်လုပ်ငန်းများလုပ်ကိုင်ပါသည်။ဝါဆို၊ဝါခေါင်၊တော်သလင်း၊သီတင်းကျွတ်လများအပကျန်လများတွင်စပါးစိုက်ပျိုးရိတ်သိမ်းခြင်းများလုပ်ကိုင်ကြပါသည်။

ဂင်ငွေအနေဖြင့်နယုန်လသည်အနည်းဆုံးဖြစ်ပြီးဝါဆို၊ဝါခေါင်၊တော်သလင်း၊သီတင်းကျွတ်၊ တန်ဆောင်မုန်း၊နတ်တော်လများသည်အသင့်အတင့်ရှိပါသည်။တန်ခူး၊ပြာသို၊တပို့တွဲ၊တပေါင်းလများသည်ဂင်ငွေအကောင်းဆုံးဖြစ်ပါသည်။

ပွဲတော်အနေဖြင့်တန်ခူး၊သီတင်းကျွတ်၊တန်ဆောင်မုန်း၊တပို့တွဲလများတွင်ပွဲတော်ရှိပြီးကျန်လများတွင်မရှိပါ။

အားလပ်ရက်အဖြစ်တန်ခူး၊သီတင်ကျွတ်၊တန်ဆောင်မုန်း၊တပို့တွဲလများတွင်အားလပ်ပြီး ကျန်လများတွင်အားလပ်ရက်နည်းသောလများဖြစ်ပါသည်။

ရောဂါဖြစ်ပွားမှုအနေဖြင့်တန်ခူး၊နယုန်၊ဝါဆိုလများတွင်ဖျားနာခြင်းဖြစ်ပါသည်။ကျန်လများ တွင်ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။

## သာပေါင်းမြို့နယ် ၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂုံးဂုကျေးရွာ

## အဖွဲ့အစည်းချိတ်ဆက်ပြဇယား



### သုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်ပြဇယားကို ဂျုံးဂုံးဂုကျေးရွာ ဘုန်းကြီးကျောင်းတွင် (၂၁.၁.၂၀၁၇)ရက်နေ့တွင် ရေးဆွဲဆွေးနွေးရာကျေးရွာအတွင်းအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရာအိမ်မှူး၊ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်ရဲစခန်းတို့နှင့်ချိတ်ဆက်ဆောင်ရွက်ပါသည်။

ကျန်းမာရေးအတွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊အမျိုးသမီးရေးရာနှင့်အခြားရွာရှိဆေးပေးခန်းတို့နှင့်ချိတ်ဆက်ဆောင်ရွက်ပါသည်။

မီးဘေးလုံခြုံရေးအတွက်ကျေးရွာအရံမီးသတ်နှင့်မြို့နယ်မီးသတ်တို့ချိတ်ဆက်ဆောင်ရွက်ပါသည်။

ပညာရေးအတွက်ကျောင်းအကျိုးဆောင်နှင့်ဆရာ/မများနှင့်မြို့နယ်ပညာရေးမှူးရုံးတို့နှင့်ချိတ်ဆက်ဆောင်ရွက်ပါသည်။

ကျေးရွာဖွံ့ဖြိုးရန်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အရံမီးသတ်၊ပြည်သူ့စစ်၊မိခင်နှင့်ကလေး၊အမျိုးသမီးရေးရာတို့ချိတ်ဆက်ဆောင်ရွက်ပါသည်။

# သာပေါင်းမြို့နယ် ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာ

## ဓနအင်အားပြဇယား



### သုံးသပ်ချက်

ဓနအင်အားပြဇယားကို ဂျုံးဂျုံးဂျကျေးရွာ ဘုန်းကြီးကျောင်းတွင် (၂၁.၁.၂၀၁၇)ရက်နေ့တွင် ရေးဆွဲဆွေးနွေးရာအနွမ်းပါးအုပ်စု (ထိခိုက်လွယ်)သည်ဓနိမိုး၊ဓနိကာ၊ဂါးကြမ်းခင်းဖြင့်နေထိုင်ပါသည်။လယ်ကေပိုင်ဆိုင်ခြင်းမရှိပါ။တစ်နှစ်တာဝင်ငွေ (၅)သိန်းရရှိပါသည်။အိမ်ခြေ(၅၀)လုံးရှိပါသည်။


အလယ်အလယ်အုပ်စုသည်ပျဉ်ထောင်သွပ်မိုး၊ထရံကာအိမ်များဖြစ်သည်။လယ်၊နွားးများပိုင်ဆိုင်ပါသည်။လယ်ကေ (၅) ကေခန့်ရှိပါသည်။တစ်နှစ်တာဝင်ငွေမှာ (၅၀)သိန်းခန့်ရှိပြီးအိမ်ခြေ (၂၀)လုံးရှိပါသည်။

ချမ်းသာအုပ်စုတွင်ပျဉ်ထောင်သွပ်မိုးအိမ်များဖြစ်ပါသည်။လယ်၊စက်၊နွား၊စက်လှေတို့ပိုင်ဆိုင်ပါသည်။တစ်နှစ်တာဝင်ငွေမှာ (၁၅၀)သိန်းခန့်ရှိပြီးအိမ်ခြေ (၃၀)လုံးရှိပါသည်။

အချုပ်အရအလယ်အလတ်နှင့်ချမ်းသားအုပ်စုတွင်သာငွေကြေးပြေလည်ပြီးနွမ်းပါးနှင့်အနွမ်းပါးဆုံး (ထိခိုက်လွယ်)အုပ်စုတွင်အကြွေးတင်မှုများအစဉ်ရှိနေပါသည်။

## သာပေါင်းမြို့နယ် ၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂုံးဂျကျေးရွာ

## အရင်းအမြစ်ပြဇယား



သုံးသပ်ချက်

ကျေးရွာတွင်ဘဘာဂအရင်းအမြစ်များဖြစ်သောလယ်ယာကိုင်းကျွန်း၊မြစ်ချောင်းတို့အပေါ်မူတည်၍သုံးစွဲသူအမျိုးသား၊အမျိုးသမီးတို့မှသုံးစွဲကြပါသည်။မိသားစုအဓိကလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးအမျိုးသားများမှဦးစီးလုပ်ကိုင်လျှက်ရှိပြီးအမျိုးသမီးများမှာလည်းပံ့ပိုးကူညီလျှက်ရှိပါသည်။ကျေးရွာအိမ်ခြေ (၃၀)ရာခိုင်နှုန်းသည်လယ်ယာမြေပိုင်ဆိုင်ကြပြီးကျန်မိသားစုများမှာစာရင်းငှားအဖြစ်လုပ်ကိုင်ကြပါသည်။မြစ်ရေနှင့်ရေတွင်းမှရေများကိုအိမ်သုံးရေအတွက်အသုံးပြုပြီးငှင်းရေသယ်ယူခြင်းလုပ်ငန်းများကိုအမျိုးသမီးများမှသာအဓိကဆောင်ရွက်လျှက်ရှိပါသည်။ဆောင်းသီးနှံကိုမြစ်ရေတင်ပြီးဇကေအနည်းငယ်စိုက်ပျိုးပါသည်။ဆင်းရဲသားမိသားစုအနည်းငယ်မှာလည်းငါးဖမ်းခြင်းလုပ်ငန်းဆောင်ရွက်ပါသည်။ဥယျာဉ်စိုက်ပျိုးသူမှာအနည်းငယ်သာရှိပြီးငှက်ပျောနှင့်အခြားဟင်းသီးဟင်းရွက်များကိုစိုက်ပျိုးလုပ်ကိုင်ပါသည်။ကျေးရွာနှင့်မြို့အဓိကဆက်သွယ်ရေးမှာဆိုင်ကယ်နှင့်စက်လှေတို့ဖြစ်ပါသည်။၎င်းအရင်းအမြစ်များကိုအမျိုးသား၊အမျိုးသမီးအိမ်ထောင်ဦးစီးများမှညီမျှစွာသုံးစွဲကြကြောင်းတွေ့ရပါသည်။

## သာပေါင်းမြို့နယ် ၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂုံးဂျကျေးရွာ

## ကျားမရေးရာကဏ္ဍကိုပင့်ကူအိမ်စနစ်ဖြင့်ပြသပုံ



**သုံးသပ်ချက်**

ကျားမရေးရာကဏ္ဍကိုပင့်ကူအိမ်စနစ်ဖြင့်ပြသပုံကိုဂျုံးဂုံးဂျကျေးရွာ၊ ဘုန်းကြီးကျောင်းတွင် (၂၁.၁.၂၀၁၇)ရက်နေ့တွင် ရေးဆွဲဆွေးနွေးရာဝင်ငွေ၊ လူမှုရေး လုပ်ငန်းတွင်ပါဝင်နိုင်မှု၊ဆုံးဖြတ်ချက်ချနိုင်မှု၊အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊လုံခြုံမှု၊ဦးဆောင်နိုင်မှု၊ပညာရေးအခွင့်အလမ်း၊အိမ်တွင်းမှုစသည့်အချက်များကိုအခြေခံ၍အမျိုးသားအုပ်စုနှင့်အမျိုးသမီးအုပ်စုခွဲပြီးသုံးသပ်ခဲ့ပါသည်။

- ဝင်ငွေရှာနိုင်မှုတွင်အမျိုးသားများသည်အမျိုးသမီးများထက်ပိုမိုရှာဖွေနိုင်ကြောင်း၊
- လူမှုရေးလုပ်ငန်းများတွင်ပါဝင်နိုင်မှုမှာအမျိုးသမီးများမှပိုမိုပါဝင်နိုင်ကြောင်း၊
- ဆုံးဖြတ်ချက်ချနိုင်မှုတွင်အမျိုးသားများနှင့် အမျိုးသီးတို့ညီမျှစွာဦးဆောင်နေကြောင်း၊
- အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုတွင်အမျိုးသားမျးမှအခွင့်အရေးပိုသာနေကြောင်း
- လုံခြုံမှုတွင်အမျိုးသား၊အမျိုးသီးတန်းတူနေကြောင်း၊
- ဦးဆောင်နိုင်မှုတွင်အမျိုးသားမှပိုမိုနေကြောင်း၊
- ပညာရေးလက်လှမ်းမီမှုတွင်အမျိုးသားများနှင့် အမျိုးသမီးများတန်းတူနေကြောင်း၊
- အိမ်တွင်မှုတွင်အမျိုးသမီးများမှပိုမိုလုပ်ကိုင်နေရကြောင်းကျေးရွာရှိအမျိုးသား၊အမျိုးသမီးတို့မှသုံးသပ်နိုင်ခဲ့ပါသည်။

# သာပေါင်းမြို့နယ်၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာ

# ပထမအကြိမ်အစည်းအဝေး

ရက်စွဲ၊၂၀.၁.၂၀၁၇

(၂၀..၂၀၁၇) ရက်နေ့ မနက် (၉း၀၀) နာရီအချိန်တွင် ဒည်ကုန်းကျေးရွာအုပ်စု၊ဂျုံးဂျုံးဂျကျေးရွာရွာဦး ဘုန်းတော်ကြီးကျောင်းတွင် စီမံကိန်းမိတ်ဆက်အစည်းအဝေးနှင့် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ အစည်းအဝေးအခမ်းအနားကို ဖွင့်လှစ်ပြီးကျေးရွာ လူထုကိုယ်စား ကျေးရွာ ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက်စီမံကိန်းဝန်ထမ်းများဖြစ်သော ဒေါ်အိသဇင်ဖြိုး(လူထုစည်းရုံးရေးမှူး)၊ ဦးဇော်မင်းထွဋ်(လူထုစည်းရုံးရေးမှူး)ဒေါ်ဇာခြည်နွေး(လက်ထောက်နည်းပညာမှူး)နှင့် တို့မှ ကျေးရွာ လူထုအား မိတ်ဆက်စကားများ ပြောကြားခဲ့ပါသည်။ စီမံကိန်းရည်ရွယ်ချက်၊ လုပ်ဆောင်မှု၊ ပူးပေါင်းပါဝင်မှု နှင့် စီမံကိန်းနှင့် ပတ်သက်သောအကြောင်းအရာများကို ပြောကြား ခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာလူထုကို ကော်မတီရွေးချယ်ပုံအဆင့်ဆင့်ကို လူထုစည်းရုံးရေးမှူး များက ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်းရွေးချယ်ရန် ဝန်ထမ်းများ၏လုပ်ဆောင်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောပြ၍ စေတနာ့ဝန်ထမ်းကျား (၁)ဦး၊ မ (၁)ဦးကို ရွေးချယ်ခဲ့ပါသည်။

# သာပေါင်းမြို့နယ်၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာ

# ဒုတိယအကြိမ်အစည်းအဝေး

ရက်စွဲ၊ ၂၁.၁.၂၀၁၇

၂၁.၁.၂၀၁၇ ရက်နေ့ နံနက် (၁၂း၀၀)အချိန်တွင် ဒည်ကုန်းကျေးရွာအုပ်စု၊ဂျုံးဂျုံးဂျကျေးရွာဦး ဘုန်းတော်ကြီးကျောင်းတွင် ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးများမှ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများ၏ တာဝန်များကို ရှင်းပြပြီး ကော်မတီဝင်များကို ရွေးချယ်ခဲ့ပါသည်။ ထိုသို့ရွေးချယ်ရာတွင် စီ/ထောက်ဥက္ကဋ္ဌ (၂)ဦး၊ ဝယ်ယူရေး(၃)ဦး လည်ပတ်ပြုပြင်(၃)ဦး၊ စောင့်ကြည့်ကြီးကြပ် (၃)ဦး၊ အကြံပြုတိုင်ကြားရေး (၂)ဦးနှင့် ကျေးရွာစာရင်းကိုင် (၁)ဦးကို ရွေးချယ်ပြီး အမျိုးသမီးများ အချိုးညီမျှစွာ ပါဝင်ခဲ့ကြပါသည်။

ထို့နောက် PRA Tools များကို ကျေးရွာလူထုနှင့်အတူရေးဆွဲကြပါသည်။ ရေးဆွဲထားသော PRA Tools များကို ဦးဆောင်ဆွေးနွေးထားသော ကျေးရွာလူထုထဲမှ တစ်ဦးစီမှ အစည်းအဝေး၌ ပြန်လည်ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာအချက်အလက်များမှ ရရှိလာသော စီမံကိန်းများကို ကျေးရွာလူထုအား ချပြ၍အဆိုပြုစနစ်ကို အသုံးပြုရွေးချယ်ခဲ့ရာ (၁) ကွန်ကရစ်လမ်း၊ (၂) ရွာလမ်းမီး (၃) ဆေးပေးခန်း (၄) ဆိပ်ခံတံတား၊ (၅) ရေသန့်စက် (၆) စာကြည့်တိုက် တို့သည် ဦးစားပေးအစီအစဉ်များအလိုက်ရရှိလာပါသည်။ ထို့နောက် အစည်းအဝေးကို နေ့လည် (၃း၀၀)အချိန်တွင် ပြီးစီးခဲ့ပါသည်။ ထိုအစည်းအဝေးကို ကျေးရွာလူထုမှ ကျား(၃၀)ဦး၊ မ (၃၃)ဦး စုစုပေါင်း (၆၃)ဦး တက်ရောက်ခဲ့ပါသည်။

## သာပေါင်းမြို့နယ်၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာ

## ကျေးရွာအစည်းအဝေးပွဲများ၏ မှတ်တမ်းဓါတ်ပုံများ



သာပေါင်းမြို့နယ်၊ဒည်ကုန်းကျေးရွာအုပ်စု၊ဂျုံးဂျုံးဂျကျေးရွာတွင်

PRA Tools များပြုလုပ်ပုံ



## သာပေါင်းမြို့နယ်၊ ဒည်ကုန်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာ


## ကျေးရွာအစည်းအဝေးပွဲများ၏ မှတ်တမ်းဓါတ်ပုံများ





သာပေါင်းမြို့နယ်၊ဒည်ကုန်းကျေးရွာအုပ်စု၊ဂျုံးဂျုံးဂျကျေးရွာတွင်


PRA Tools များပြုလုပ်ပုံ


















(Form PC 3)






(Form PC 4)





(Form PC 12)

